# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

## ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

## (၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

[ ပြင်ဆင် : 11.09.2018 ]

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **ဗဟိုကော်မတီ**ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကိုဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဃ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီလည်း ပါဝင်သည်။

(င) **မြေလွတ်၊ မြေလပ်** ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ခြုံနွယ်များ ပေါက်ရောက်လျက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင်အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်။

(ဆ) **အာမခံကြေး** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင် မည့်၊ အသုံးပြုမည့်လုပ်ငန်းအလိုက် သတ်မှတ်ထားသော ကြိုတင်ကြေးငွေတစ်ရပ်ကိုပြည်ထောင်စုအစိုး ရက အသိအမှတ်ပြုထားသော ဘဏ်တစ်ခုခုသို့ အပ်နှံရန် သို့မဟုတ် အာမခံချက်ပေးရန်ဤဥပဒေများ နှင့်အညီ သတ်မှတ်သော အာမခံကြေးငွေကိုဆိုသည်။

Myanmar Law Information System (MLIS)

(ဇ) **မြေခွန်** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင် သည့်၊ အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် နှုန်းထားသတ်မှတ်ချက်ကို ဤဥပဒေ အရပြုလုပ်သော နည်းဥပဒေပါမြေခွန်ကို ဆိုသည်။

(ဈ) **နှစ်ရှည်ပင်** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက်နှစ်ကာ လတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်မည့် သီးပင်၊ သစ်ပင်များကို ဆိုသည်။

(ည) **ဥယျာဉ်ခြံသီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်း ကောင်းစိုက်ပျိုးထားပြီး အကြိမ်ကြိမ်ခူးဆွတ်သော်လည်းအပင်သက်တမ်းကုန်သည်အထိပြန်လည်စိုက် ပျိုးရန်မလိုသည့် သစ်သီးဝလံပင်များကို ဆိုသည်။

(ဋ) **ရာသီသီးနှံ** ဆိုသည်မှာ စိုက်ပျိုးချိန်ရာသီကာလအတွင်း စိုက်ပျိုးရိတ်သိမ်း၍ ဝင်ငွေရရှိပြီးနောက် ထပ်မံမြေပြုပြင်စိုက်ပျိုးရသည့်သီးနှံကိုဆိုသည်။

(ဌ) **ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း** ဆိုသည်မှာ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဓာတ်သတ္တုထုတ်လုပ်ခြင်းဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၂)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းခြင်း

<ပြင်ဆင် 11.09.2018>

၃။ နိုင်ငံတော်သမ္မတသည်-

(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ပြင်ပမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 11.09.2018>

၃-က။ ဗဟိုကော်မတီသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ဖွဲ့စည်းရာတွင် ဒေသခံတိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၃)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်

၄။ ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ် ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၅။ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပုဒ်မ ၄ပါ လုပ်ငန်းများအတွက် လုပ် ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက အောက်ပါပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၁၄နှင့် အညီ ကင်းလွတ်ခွင့်ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ။

Myanmar Law Information System (MLIS)

(စ) မြေယာမဲ့နိုင်ငံသားများအတွက်သော်လည်းကောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။

<ပြင်ဆင် 11.09.2018>

၅-က။ မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင်သည်။

<ပြင်ဆင် 11.09.2018>

၆။ ဗဟိုကော်မတီသည် ပုဒ်မ ၅ အရ လျှောက်ထားသည့်ကိစ္စများနှင့်စပ်လျဉ်း၍-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကိုရယူရ မည်။

(ခ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ဖြစ်ပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) ပါအခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှလည်းကောင်း သဘောထားတောင်းခံရမည်။

(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစုများကို ထိန်းသိမ်းနိုင်ရေးတို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သောအကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။

<ပြင်ဆင် 11.09.2018>

၇။ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင် ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့်လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘော တူညီချက်ဖြင့်ခွင့်ပြုနိုင်သည်။

၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင်လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

၈-က။ (က) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မိမိတို့၏ခွင့်ပြုပေးနိုင်သည့် ပမာဏအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

၈-ခ။ ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က၊ ပုဒ်မခွဲ (ဂ) တို့အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

<ပြင်ဆင် 11.09.2018>

၉။ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေး ကော်မတီတို့သည် ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၄)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

၁၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ ဥပဒေနှင့်အညီ လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုရမည်။ ယင်းသို့ခွင့်ပြုရာတွင် -

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီ သီးနှံတို့အတွက် တစ်ကြိမ်လျှင် ဧက ၃၀၀ နှင့် အထက် ဧက ၃၀၀၀ ထက် မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့် ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၃၀၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၃၀၀၀ ထက်ပို၍ ဧက ၃၀၀၀၀ အထိ အမှန်တကယ် စိုက်ပျိုးနိုင်မည့်ဧကအား ခွင့်ပြုနိုင်သည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင်-

(၁) ငါး၊ ပုစွန်၊ကဏန်းမွေးမြူရေးဖြစ်လျှင် ဧက ၁၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။

(၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင်-

(ကက) ကျွဲ၊ နွား၊ မြင်း မွေးမြူရေးဖြစ်ပါက ဧက ၂၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခခ) သိုး၊ ဆိတ် မွေးမြူရေးဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂဂ) ကြက်၊ဝက်၊ဘဲ၊ ငုံး မွေးမြူရေးဖြစ်ပါက ဧက ၃၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် အကျုံးမဝင်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါက သင့်လျော်သော ဧကကို ခွင့်ပြုနိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

၁၀-က။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ ဥပဒေနှင့်အညီ လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုရမည်။ ယင်းသို့ခွင့်ပြုရာတွင် -

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက် ဧက ၃၀၀ အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့် ဧက ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၃၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

၁၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့်စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ခွင့်ပြုရမည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် စတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(င) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

Myanmar Law Information System (MLIS)

၁၁-က။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့် စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီ သီးနှံဖြစ်လျှင် သတ်မှတ်သောစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရမည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် စတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့အရ ခွင့်ပြုထားသောသက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားအပေါ်မူတည်ပြီး ထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 11.09.2018>

၁၂။ ဗဟိုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများပါဝင်သည့် အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာပါက နိုင်ငံသားများဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းများသာရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုရမည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၅)
## အာမခံကြေးနှင့်မြေခွန်

၁၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်း အမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်။

၁၄။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့်မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုး အစား၊ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ရမည်။

၁၅။ ဦးစီးဌာနသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအ စား၊ သီးနှံအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ၏ မြေခွန်ပေးသွင်းခြင်းကို ကြီး ကြပ်စစ်ဆေးရမည်။

Myanmar Law Information System (MLIS)

## အခန်း (၆)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များ

၁၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည်-

(က) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့်ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကို သာ လုပ်ကိုင်ရမည်။

(ခ) ခွင့်ပြုထားသည့်မြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ ၄ နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်း ပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည် ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့်အချိန်အတွက် သတ် မှတ်ကာလကို ဗဟိုကော်မတီမှပြန်လည်ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။

(ဂ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရ။

(ဃ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအတွက် မြေခွန်ကို အပြေအကျေပေး ဆောင်ရမည်။

(င) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက သတ် မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(စ) ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိအခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်းမပြုရ။

(ဆ) ခွင့်ပြုထားသော မြေအတွင်း သယံဇာတပစ္စည်းများ တွေ့ရှိ၍ နိုင်ငံတော်အစိုးရက စီးပွားဖြစ်ထုတ် လုပ်လိုသဖြင့် ခွင့်ပြုထားသော မြေဧရိယာအနက် လိုအပ်မည့်မြေဧရိယာကို ပြန်လည်သိမ်းယူသည့်အခါ ပြည်ထောင်စုအစိုးရက ညွှန်ကြားထားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၇)

## ကြီးကြပ်ခြင်း

၁၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီကို တာဝန်ပေးအပ်၍လည်းကောင်း၊ သီးခြားအဖွဲ့များဖွဲ့စည်း၍လည်းကောင်း လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်စေနိုင်သည်။

<ပြင်ဆင် 11.09.2018>

၁၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်းရှိ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာ ဌာနများစုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

Myanmar Law Information System (MLIS)

၁၉။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်-

(က) ခွင့်ပြုထားသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတွေ့ ရှိခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ တွင် ခွင့်ပြုထားသော သတ္တုအမျိုးအစားမှအပ အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း၊

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) တို့ပါ လုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများတွင် သယံဇာတပစ္စည်းတွေ့ရှိခြင်း။

၂၀။ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ၁၉ အရပြန်လည် ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ် ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော် သည့်သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၂၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေ ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်း ပိုင်ခွင့်ရှိသည်။

၂၂။ (က) ဤဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည်-

(၁) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း ဧရိယာခွင့်ပြုမိန့် ထုတ်ပြန်သည့်ရက်စွဲ နှင့် စာအမှတ်တို့ကို ပြည်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိသောဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများပူးတွဲလျက် မှတ်တမ်းပြု စုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

(၂) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၃) ခွင့်ပြုထားသည့်မြေကို စတင်ခွင့်ပြုသည့်နေ့မှ လေးနှစ်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၄) ခွင့်ပြုထားသည့်မြေကို စတင်အသုံးပြုခွင့်ရသည့်နေ့မှ လေးနှစ်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို

Myanmar Law Information System (MLIS)

ချိုးဖောက်ကြောင်းတွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

(ခ) ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(၁) မိမိရယူလုပ်ကိုင် အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁) ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်းမရှိလျှင် ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့်မရရှိလျှင်ဖြစ်စေ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမည်။

(၃) ပုဒ်မခွဲငယ် (၁) ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင်အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့လျှောက်ထားသည့်အခါ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက ခွင့်ပြုရန်မသင့်သည့်အတွက် အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူ အသုံးပြုလျှင်သော်လည်းကောင်း ဤဥပဒေအရ အရေးယူခြင်းခံရမည်။

<ပြင်ဆင် 11.09.2018>

## အခန်း (၈)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်း

၂၃။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် အခြားပံ့ပိုးမှုများကို ဆက်သွယ်တောင်းခံလာ လျှင် လိုအပ်သလို ကူညီပံ့ပိုးပေးနိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှုအကူအညီရရှိလိုလျှင် လည်းကောင်း သက် ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံပေးနိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် မုန်တိုင်းကျရောက်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက နိုင်ငံတော်မှ အထူးချေးငွေရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ထောက်ခံပေးနိုင်သည်။

၂၄။ ဗဟိုကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီပြီးစီးသည်အထိ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ များအား အာမခံကြေး ပြန်လည်ထုတ်ပေးရမည်။

၂၅။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့် ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများပြုလုပ်ခံရကြောင်း တင်ပြလာ လျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်း၍မရပါကဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေ များပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ယင်းတို့၏ သဘောတူညီချက်ရရှိပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဖြေရှင်းဆောင်ရွက်ရာတွင် နစ်ဖက်သဘောတူညီမှု သို့မဟုတ် တင်ပြမှုအပေါ်မူတည်၍ ခွင့်ပြုမိန့်ကို ပြင်ဆင်ခြင်း၊ထိုက်သင့်သော လျော်ကြေးငွေ၊ နစ်နာကြေးများပေးလျော်စေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

<ပြင်ဆင် 11.09.2018>

Myanmar Law Information System (MLIS)

### အခန်း(၉)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေ ပေါ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်မရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော်နေထိုင်စေခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော်လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း။

<ပြင်ဆင် 11.09.2018>

၂၇-က။ ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုသူ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 11.09.2018>

၂၈။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများပေါ်တွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုတစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 11.09.2018>

၂၉။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြန်လည် ရုပ်သိမ်းထားသည့်မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၉-က။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ မည်သူမဆို-

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<ပြင်ဆင် 11.09.2018>

Myanmar Law Information System (MLIS)

## အခန်း (၁၀)

## အထွေထွေ

၃၀။ အခန်း (၉) ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၃၀-က။အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့် ပေးအပ်ထားသည့်မြေများ၊

(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊

(ဂ) အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများ။

<ပြင်ဆင် 11.09.2018>

၃၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူအား လုပ်ငန်း ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေကို သတ်မှတ်ချက်များနှင့်အညီတင်ပြစေနိုင်သည်။

၃၂။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လလျှင်တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံသို့ နည်းလမ်းတကျ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၃၃။ (က) ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ဤဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များအတွက် ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

<ပြင်ဆင် 11.09.2018>

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအ စိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

Myanmar Law Information System (MLIS)

Myanmar Law Information System (MLIS)